ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ

အမိန့်ကြော်ငြာစာအမှတ်၊ ၉၈ /၂၀၁၈

၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလပြည့်နေ့

(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်)

မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီဖွဲ့စည်းခြင်း

၁။ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီသည် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ ပုဒ်မ ၇ ၊ ပုဒ်မခွဲ (ဂ)နှင့် ပုဒ်မ ၉၂ ၊ ပုဒ်မခွဲ (ခ)တို့အရ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီ ကိုအောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | |
|---|---|
| (က) ပြည်ထောင်စုဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်<br>ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) ဒုတိယဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်<br>ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ(၁) |
| (ဂ) ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ် | ဒုတိယဥက္ကဋ္ဌ(၂) |
| (ဃ) ဒုတိယဝန်ကြီး/အမြဲတမ်းအတွင်းဝန်<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) ဒုတိယဝန်ကြီး/အမြဲတမ်းအတွင်းဝန်<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) ဒုတိယဝန်ကြီး/အမြဲတမ်းအတွင်းဝန်<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) ဒုတိယဝန်ကြီး/အမြဲတမ်းအတွင်းဝန်<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) ဒုတိယဝန်ကြီး/အမြဲတမ်းအတွင်းဝန်<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) ဒုတိယဝန်ကြီး/အမြဲတမ်းအတွင်းဝန်<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ည) | ဒုတိယဝန်ကြီး/အမြဲတမ်းအတွင်းဝန်<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဒုတိယဝန်ကြီး/အမြဲတမ်းအတွင်းဝန်<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ဒုတိယဝန်ကြီး/အမြဲတမ်းအတွင်းဝန်<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ညွှန်ကြားရေးမှူး<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| (ဎ) | မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ (ဗဟိုဌာနချုပ်) | အဖွဲ့ဝင် |
| (ဏ) | အဖွဲ့ဝင်<br>မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင် | အဖွဲ့ဝင် |
| (တ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် | အဖွဲ့ဝင် |
| (ထ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း | အဖွဲ့ဝင် |
| (ဒ) | အမျိုးသားကော်မတီဝင်<br>အစိုးရမဟုတ်သောလူမှုရေးအဖွဲ့အစည်းများမှ ရွေးချယ်ခြင်းခံရသော<br>ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (ဓ) | အမျိုးသားကော်မတီဝင်<br>စေတနာ့ဝန်ထမ်းပုဂ္ဂိုလ်များမှ ရွေးချယ်ခြင်းခံရသော<br>ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (န) | ညွှန်ကြားရေးမှူးချုပ်<br>ပြန်လည်ထူထောင်ရေးဦးစီးဌာန | အတွင်းရေးမှူး(၁) |
| (ပ) | ညွှန်ကြားရေးမှူးချုပ်<br>လူမှုဝန်ထမ်းဦးစီးဌာန | အတွင်းရေးမှူး (၂) |
| (ဖ) | ဦးမြတ်သူဝင်း<br>အတွင်းရေးမှူး<br>မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ် | တွဲဖက်အတွင်းရေးမှူး (၁) |

(ဗ) ဦးစွမ်းရည်ရ　　　　　　　　　　　　　　　　　　　　တွဲဖက်အတွင်းရေးမှူး (၂)

ညွှန်ကြားရေးမှူး

ပြန်လည်ထူထောင်ရေးဦးစီးဌာန

၂။ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီ၏ တာဝန်ဝတ္တရားများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ၏ လမ်းညွှန်ချက်များနှင့်အညီ လုပ်ငန်းတာဝန်များအား အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ခ) မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေနှင့် နည်းဥပဒေများတွင်ပါရှိသော ပြဋ္ဌာန်းချက်တို့ကိုထိရောက်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ ကဏ္ဍအလိုက် မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို မသန်စွမ်းသူများ၏ အခွင့်အရေး များဆိုင်ရာ အမျိုးသားကော်မတီ၏ လမ်းညွှန်ချက်များနှင့်အညီ ရေးဆွဲဆောင်ရွက်ခြင်း၊

(ဂ) လုပ်ငန်းကော်မတီ၏ တာဝန်ဝတ္တရားတို့ကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် နည်းပညာအထောက်အကူပြုအဖွဲ့နှင့် ဆပ်ကော်မတီတို့ကို မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ ဖွဲ့စည်းဆောင်ရွက်ခြင်းနှင့် လမ်းညွှန်ကြီးကြပ်ခြင်း၊

(ဃ) သဘာဝဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ကာကွယ်ရေး၊ တုန့်ပြန်ဆောင်ရွက်ရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ပြုစုစောင့်ရှောက်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းအစီအစဉ်များရေးဆွဲချမှတ်ရာတွင် မသန်စွမ်းသူများ ပါဝင်ဆောင်ရွက်မှုနှင့် ဦးစားပေးခံရမှုသေချာစေရေး ဆောင်ရွက်ခြင်း၊

(င) အရေးပေါ်အခြေအနေများတွင် ရောက်ရှိနေသော မသန်စွမ်းသူများအား ကာကွယ်စောင့်ရှောက်ရေး၊ ပြုစုစောင့်ရှောက်ရေးနှင့် မသန်စွမ်းမှုအလိုက် လိုအပ်ချက်တို့ကို ထောက်ပံ့ပေးခြင်းတို့ကို ဆောင်ရွက်ခြင်း၊

(စ) မသန်စွမ်းမှုအမျိုးအစားနှင့် မသန်စွမ်းမှုအဆင့် သတ်မှတ်ခြင်းတို့ကို နိုင်ငံတကာစံနှုန်းများနှင့်အညီ သတ်မှတ်ဆောင်ရွက်ခြင်း၊

(ဆ) ရပ်ရွာအခြေပြု ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေသည့် အဖွဲ့အစည်းများ၏ လုပ်ငန်းအစီအစဉ်တို့တွင် မသန်စွမ်းသူများ အကျုံးဝင်ပါဝင်ရေး ဆောင်ရွက်ခြင်း၊

(ဇ) နိုင်ငံတော်အစိုးနှင့် အခြားအစိုးရမဟုတ်သော အဖွဲ့အစည်းတို့မှ ဖွင့်လှစ်လျက်ရှိသောသင်တန်း အစီအစဉ်များတွင် မသန်စွမ်းသူများ တက်ရောက်သင်ယူခွင့်ရရှိရေးဆောင်ရွက်ခြင်း၊

(ဈ) မသန်စွမ်းသူများအား ဝေပုံကျနှုန်းထားအတိုင်း အလုပ်ခန့်ထားရေးဆောင်ရွက်ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုတို့ကို လေ့လာစောင့်ကြည့်ခြင်း၊

(ည) မသန်စွမ်းသူများ အတွက် အတားအဆီးကင်းသော လုပ်ငန်းခွင်ဖန်တီးရေးနှင့် စွမ်းဆောင်ရည် မြင့်မားရေး ဆောင်ရွက်ခြင်း၊

(ဋ) မြန်မာနိုင်ငံမသန်စွမ်းသူများ အသင်းချုပ်၏ ဖွဲ့စည်းပုံစည်းမျဉ်းနှင့် လုပ်ငန်းတာဝန်များသတ်မှတ်ဆောင်ရွက်မှုတို့ကို ကြီးကြပ်လမ်းညွှန်ခြင်း။

(ပုံ) ဟင်နရီဗန်ထီးယူ

ဥက္ကဋ္ဌ

မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာအမျိုးသားကော်မတီ

စာအမှတ်၊၂-၄ / ၁၀၅ (မသန်စွမ်း)/ ၁၀၆ ၃၃

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်

<u>ဖြန့်ဝေခြင်း</u>

နိုင်ငံတော်သမ္မတရုံး

သမ္မတဦးစီးရုံး

ဒုတိယသမ္မတ(၁)ဦးစီးရုံး

ဒုတိယသမ္မတ(၂)ဦးစီးရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနအားလုံး

ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး

နေပြည်တော်ကောင်စီရုံး

တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးများအားလုံး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး

မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဝင်များအားလုံး

သက်ဆိုင်ရာပုဂ္ဂိုလ်များ

ညွှန်ကြားရေးမှူးချုပ် } မြန်မာနိုင်ငံပြန်တမ်းအပိုင်း (၁)တွင်
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } ထည့်သွင်းကြေငြာပေးပါရန်။

အမိန့်အရ

စိုးအောင်

အတွင်းရေးမှူး

မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ